# စက်ဖြင့် ဖတ်ရှုစစ်ဆေးနိုင်သော မြန်မာနိုင်ငံကူးလက်မှတ် (MRP) အတွက် လိုအပ်သည့် အချက်အလက်များ

## ဓါတ်ပုံ

၁။ (၆) လ အတွင်း ရိုက်ကူးထားသော ဓါတ်ပုံဖြစ်ရမည်။
၂။ မျက်နှာ၏ ဧရိယာသည် ဓါတ်ပုံ၏ (၈၀) ရာခိုင်နှုန်းရှိရမည်။
၃။ နောက်ခံအရောင် အဖြူရောင်ဖြစ်ရမည်။
၄။ ဓါတ်ပုံပေါ်ရှိ မျက်နှာ၏ အရောင်သည် နဂိုမူလအသားအရောင်ဖြစ်ရမည်။
၅။ ထင်ရှားပြတ်သားမှုရှိသော ပုံရိပ်ဖြစ်ရမည်။
၆။ မျက်လုံးအနေအထားမှာ-
(က) မျက်လုံးနှစ်ဘက်မှာ တစ်တန်းတည်းဖြစ်ရမည်၊
(ခ) မျက်လုံးပေါ်၌ ဆံပင်များ အုပ်ဖုံးဖြင်းမရှိစေရ၊
(ဂ) မျက်နှာသည် နောက်ခံအဖြူရောင်၏ အလယ်တည့်တည့်တွင်ရှိရမည်၊
(ဃ) မျက်လုံးပေါ်တွင် အနီစက်/ အဖြူစက် အလင်းပြန်ခြင်းမရှိစေရ၊ (Red Eye)
၇။ မျက်နှာအနေအထားသည် တည်ကြည်သော အနေအထားဖြစ်ရမည်၊
၈။ နှုတ်ခမ်းအနေအထားသည် ဖွင့်ဟနေသော အနေအထားမဖြစ်စေရ၊
၉။ ဓါတ်ပုံပေါ်တွင် အလင်းပြန်ခြင်း မရှိစေရ၊
၁၀။ ဓါတ်ပုံပေါ်တွင် အရိပ်မထင်စေရ၊
၁၁။ မျက်မှန်တတ်သည့်သူများ - အရောင်ပြောင်းမျက်မှန် (tinted lenses)၊ မျက်မှန်ပေါ်တွင် အလင်းမပြန်စေရ၊ မျက်မှန် ဘောင်မထူရ၊ မျက်မှန်ဘောင် (frames) သည် မျက်လုံးကို မကွယ်ရ၊
၁၂။ ဦးထုပ်ဆောင်း၍ မရိုက်ရ၊
၁၃။ အစ္စလာမ်ဘာသာဝင်အမျိုးသမီးများ ခေါင်းဝတ်ပုဝါသည် မျက်နှာပေါ်တွင် အုပ်မိုးခြင်းမရှိစေရ၊ အရိပ်မကျစေရ၊
၁၄။ ဓါတ်ပုံအရွယ်အစားမှာ (၃၅ မီလီမီတာ နှင့် ၄၅ မီလီမီတာ) ရှိရမည်၊
၁၅။ ဓါတ်ပုံ Resolution မှာ 300 ppi ဖြစ်ရမည်။
၁၆။ ဓါတ်ပုံအား စီဒီခွေ (soft copy) ဖြင့် ပေးရပါမည်။

## လျှောက်ထားသူ၏ ထိုးမြဲလက်မှတ်

၁။ ထိုးမြဲလက်မှတ်သည် နိုင်ငံကူးလက်မှတ်ပေါ်တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်သည့်အတွက် လျှောက်ထားသူကိုယ်တိုင် ရေးထိုးထားသော လက်မှတ်ဖြစ်ရမည်။ ကိုယ်စားမထိုးရ၊ ကွဲလွဲခဲ့ပါက ခရီးသွားလာရာတွင် အခက်အခဲကြုံတွေ့ရနိုင်ပါသည်။
၂။ ရေးထိုးသောလက်မှတ်သည် သတ်မှတ်ဘောင်ထက် ကျော်လွန်ခြင်း မရှိစေရ ထင်ရှားပြတ်သားမှုရှိရမည်။